# ကလေးများအတွက် သမ္မာကျမ်း
## လက်ဆောင်များ

# ဘုရားသခင်သည် အရာရာကို ဖန်ဆင်းသောအချိန်



ရေးသားသူ: Edward Hughes

ပန်းချီဆွဲသူ: Byron Unger; Lazarus;
Alastair Paterson

လက်ခံချိတ်ဆက်သူ: Bob Davies; Tammy S.

ဘာသာပြန်သူ: Christian Lingua

ထုတ်လုပ်သူ: Bible for Children
www.M1914.org

©2023 Bible for Children, Inc.
လိုင်စင် - သင်သည်ဤဝတ္ထုကို မရောင်းမခြင်း၊ မိတ္တူနှင့်
ပုံနှိပ်မှုပြုလုပ်နိုင်သည်။

မည်သူသည်ကျွန်ုပ်တို့အား ဖန်ဆင်းသနည်း?

သမ္မာကျမ်းစာ၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည်
လူသားမျိုးနွယ်၏အစကို ဖော်ပြခဲ့သည်။



ရှေးအခါက
ဘုရားသခင်သည်
ပထမလူသား
အာဒံကို ဖန်ဆင်း
တော်မူခဲ့သည်။

ဘုရားသခင်သည် အာဒံကို မြေမှုန့်မှ
ဖန်ဆင်းတော်မူခဲ့သည်။ဘုရားသခင်သည် အာဒံ၏အ
ထဲသို့ ဇီဝအသက်ကို မှုတ်သွင်းလိုက်သောအခါ
သူသည် ...



... အသက်ရှင်သောသတ္တဝါဖြစ်လာခဲ့သည်။ သူ သည်
ဒေင်ဟုခေါ်သော လှပသောဥယျာဉ်၌ ရောက်နေသည်ကို
ကိုယ်တိုင်တွေ့ခဲ့ရသည်။



ဘုရားသခင်သည် အာဒံကိုမဖန်ဆင်းခင်တွင်
ကိုယ်တော်သည် အံ့ဖွယ်ကောင်းသောအရာများနှင့်
လှပသောလောကကို ဖန်ဆင်းခဲ့သည်။



ဘုရားသခင်သည် တောင်ကုန်းများ၊ မြက်ခင်းများ၊
မွှေးသောပန်း များနှင့် ရှည်သောသစ်ပင်များ၊
အရောင်တောက်သောငှက်များ၊



ရေထဲတွင် လူးလှုမ့်ပျော်ပါးတတ်သော ဝေလငါးများနှင့်
ခွဲကျိုကျိုနှင့်ပက်ကျိခရုတို့ကို တစ်ဆင့်ပြီးတစ်ဆင့်
ဖန်ဆင်း တော်မူခဲ့ပါသည်။ ဘုရားသခင်သည်



အစအဦးတွင် ဘုရားသ္ခင်
ဘာကိုမှမဖန်ဆင်းခင်၌
ဘုရားသ္ခင်မှလွဲ၍
ဘာမှမရှိခဲ့။ လူ၊
နေရာနှင့် အရာဝတ္ထု
တစ်စုံတရာမှမရှိ။
အလင်းရောင်နှင့်
အမှောင်လဲပဲမရှိ။



အထက်အောက်ဆိုတာလည်းမရှိ။

မနေ့ကနှင့် မနက်ဖြန်

ဆိုတာလဲမရှိ။ ဘုရားသွင်က

အစမပြုခဲ့ရသေးခင်

ဘုရားသွင်ပဲရှိခဲ့၏။

ထို့နောက် မှ

ဘုရားသွင်သည်

ဆောင်ရွက်တော်မူခဲ့သည်။



အစအဦးတွင် ဘုရားသ္ခင်သည်
ကောင်းကင်နှင့်မြေကြီးကို
ဖန်ဆင်းတော်မူခဲ့၏။

မြေကြီးသည် ပုံသဏ္ဍာန်မရှိ၊
လေဟာပြင်ဖြစ်၏။
အမှောင်သည်



နက်နဲသောမျက်နှာပြင်ပေါ်တွင်ရှိ ...

... ၏။ ထို့နောက်ဘုရားသခင်သည်
မိန့်ခဲ့သည်။
“အလင်းဖြစ်စေ”။



ထို့နောက်တွင် အလင်းဖြစ်လာသည်။ ဘုရားသ္ခင်သည်
အလင်းရောင်ကို နေ့ ဟုခေါ်၍ အမှောင်ကို ည ဟုခေါ်
တွင်ခဲ့ပါသည်။ ထို ညနေနှင့် မနက်သည် ပထမနေ့
ဖြစ်လေ၏။



ဒုတိယနေ့တွင် ဘုရားသ္ခင်သည် ကောင်းကင်အောက်ရှိ
သမုဒ္ဒရာ၊ ပင်လယ်နှင့် ရေကန်များထဲသို့ ရေများကို
ဆောင်သွင်းတော်မူ၏။ တတိယနေ့တွင် ဘုရားသ္ခင်
မိန့်ခဲ့သည်မှာ "ခြောက်သွေ့သောကုန်း



မြေ ပေါ်ထွန်းစေ။" ထိုနောက်
ယင်းသည် ပေါ်လာလေ၏။

ဘုရားသ္ခင်သည် မြက်ပင်၊ ပန်းပင်၊ ချုံပင်နှင့်
သစ်ပင်ကြီးများ
ပေါ်ပေါက်လာစေရန်လည်း
အမိန့်



ပေးတော်မူခဲ့သည့်အတိုင်း ...

… ၎င်းတို့ပေါ်ပေါက်လာခဲ့ပါသည်။

ထိုညနေနှင့် မနက်သည်

တတိယနေ့ ဖြစ်ပါ သည်။



ထိုနောက် ဘုရားသခင်သည် နေ၊ လ နှင့်
မည်သူမှမရေတွက်နိုင်သော
ကြယ်များစွာတို့ကို ဖန်ဆင်း
တော်မူခဲ့သည်။ ထို ညနေနှင့်
မနက်သည် စတုတ္ထနေ့
ဖြစ်ပါသည်။



ဘုရားသခွင်၏
နောက်ထပ်စာရင်းမှာ
ပင်လယ်သတ္တဝါ၊ ငါးနှင့်
ငှက်များတို့ဖြစ်ကြပါသည်။
ပဉ္စမနေ့ တွင် ကိုယ်တော်သည်
ခုတ်ငါးမန်းကြီးများတို့နှင့်
သေးငယ်သောငါးသေတ္တာငါးများ၊



ခြေတံရှည်ငှက်ကု
လားအုပ်များနှင့်
တေးဆိုတတ်သော
ငှက်ကလေးများတို့ကို
ဖန်ဆင်းတော်မူခဲ့ပါသည်။
ဘုရားသခင်သည်
အမျိုးစုံသောငါးတို့ကို
ကမ္ဘာရေပြင်တွင်
ဖြည့်တင်းပေးခဲ့ပြီး၊



ငှက်မျိုးစုံတို့ကိုလည်း
ကုန်းမြေ၊ ပင်လယ် နှင့်
ကောင်းကင်ပြင်တွင်
ပျော်မြူးစေတော်မူခဲ့ပေသည်။
ထိုညနေနှင့် မနက်သည် ပဉ္စမနေ့
ဖြစ်၏။



ယင်းနောက် ဘုရားသွင်သည် ထပ်၍မိန့်တော်မူခဲ့၏။ ကိုယ်တော် မိန့်တော်မူခဲ့သည်မှာ၊ “မြေကြီးသည် အသက်ရှင်သော သတ္တဝါတို့ကို ထုတ်ဆောင်ပေးရမည် … ” အလုံး စုံသော တိရစ္ဆာန်၊ အင်းဆက် နှင့် တွားသွားသတ္တဝါတို့သည် ပေါက်ရှင်သန်လာခဲ့ကြသည်။



မြေပြင်ကိုတုန်စေသော ဆင်များနှင့် အ
လုပ်ရှုပ်နေတတ်သော ဖျံများလည်းပါသည်။
ဆော့ကစားတတ်သော မျောက်များနှင့်၊ ကိုယ့်ယို့ကားယား
မိ ချောင်းများလည်းပါသည်။ တွန့်လိမ်၍သွားတတ်သော
တီကောင်များနှင့်၊ အဆင်ခြင်မဲ့သော မြော်ကဲ်အ
မေရိကမှ ...



...ရှဉ့်မျိုးလည်းပါသည်။ ခနောခနဲ့ သစ်ကုလားအုတ်နှင့်၊ ဂရုံးဂရုံးနှင့် ကျေနပ်သံပြုတတ်သည့် ကြောင်လည်းပါသည်။ ထိုနေ့တွင် ဘုရားသခင်သည် တိရစ္ဆာန်အလုံးစုံကို ဖန်ဆင်းတော်မူခဲ့ပါသည်။

ယင်းညနေနှင့် မနက်သည် ဆဌမနေ့ ဖြစ်ခဲ့ပါသည်။



ဘုရားသ္ခင်သည် ခြောက်ရက်မြောက်နေ့တွင်
အလွန်ထူးခြားသော အခြားအရာတစ်ခုကိုလည်းပြု



လုပ်ခဲ့သေးသည်။
အရာရာတိုင်းသည်
ယခုတွင် လူအတွက်
အဆင်သင့်ဖြစ်နေပေပြီ။

ကွင်းပြင်များတွင် စားစရာများနှင့် တိရစ္ဆာန်များကလည်း
လူ့အစေကိုခံကြမည်။ ဘုရားသ္ခင်က မိန့်တော်မူသည်မှာ
"ငါတို့ ၏ ပုံသဏ္ဍာန်နှင့်အညီ
လူကိုဖန်ဆင်းကြစို့၊ ကမ္ဘာပေါ် ရှိ
အရာရာတိုင်းအပေါ်တွင်
သူကသခင်ဖြစ်ရမည်"



ထိုကြောင့် ဘုရားသခင်သည်
ကိုယ်တော့်ပုံသဏ္ဍာန်တော်နှင့်အညီ
လူကိုဖန်ဆင်းတော်မူခဲ့ပေ၏၊
ဘုရားသခင်၏
ပုံသဏ္ဍာန်တော်နှင့်အညီ
သူ့ကို ဖန်ဆင်းခဲ့ . . .



ဘုရားသ္ခင်သည်
အာဒံကိုမိန့်တော်မူခဲ့သည်။
“ဥယျာဉ်ထဲမှ
သင်ကြိုက်တဲ့အသီးကိုစားပါ။



ဒါပေ မယ့်

ကောင်း၊မကောင်း

သိကျွမ်းရာအပင်က

အသီးကိုတော့ မစားရ။

ထိုအပင်မှ အသီးကို

သင်စားခဲ့ရင် သင်အမှန်

သေရလိမ့်မယ်။”



ပြီးနောက် ဘုရားသခင်က မိန့်တော်မူခဲ့သည်မှာ
“ယောက်ျားသည် တစ်ယောက်တည်းမနေကောင်း၊
ငါသည်သူ့အတွက် အထောက်အမကို
ဖန်ဆင်းဦးမည်။” ဘုရားသခင်သည်
ငှက်များနှင့် သားရဲတိရစ္ဆာန် များကို
အာဒံထံ ခေါ်ဆောင်လာခဲ့၏။



အာဒံသည် သူတို့အားလုံးကို နာမည်ပေးလေ၏။
သူသည် နာမည် ပေး ကျွမ်းကျင်သူဖြစ်ရာ၏။ သို့သော်



ငှက်များနှင့် သားရဲများထဲတွင်
အာဒံအတွက် သင့်လျော်သော
အ ဖော် မရှိပေ။

ဘုရားသခင်သည် အာဒံကို ကြီးသောအိပ်စက်ခြင်းဖြင့်
အိပ်စက်စေတော်မူ၏။ အိပ်ပျော်နေသော
လူယောကျာ်းအာဒံ၏
နံရိုးတစ်ချောင်းကိုယူ၍
လူမိန်းမကို
ဘုရားသခင်က
ဖွဲ့စည်းခဲ့၏။



ဘုရားသခင်ဖန် ဆင်းသော လူမိန်းမသည် အာဒံ၏
အဖေါ်အဖြစ် တိကျစွာ ကိုက်ညီခဲ့၏။



ဘုရားသခင်သည် အရာရာကို ခြောက်ရက်အတွင်းတွင်
ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက် ဘုရားသခင် သည်
ခုနစ်ရက်မြောက်နေ့ကိုကောင်းကြီးပေးပြီး
အနားယူရမည့်နေ့အဖြစ်
သတ်မှတ်တော်မူခဲ့၏။



ဧဒင်ဥ ယျာဉ်ထဲတွင် အာဒံနှင့် သူ့ဇနီးဧဝတို့သည် ဘုရားသခင်ကို နာခံခြင်းဖြင့် ပြည့်စုံသော ပျော်ရွှင်မှုကို ရရှိခဲ့ ကြ၏။ ဘုရားသခင်သည် သူတို့၏သခင်၊ သူတို့ကိုထောက်ပံ့သူနှင့် သူတို့၏



မိတ်ဆွေဖြစ်တော်မူခဲ့ပေသည်။

ဘုရားသခင်သည် အရာရာကို ဖန်ဆင်းသောအချိန်

ဘုရားသခင်၏ နှုတ်ကပတ်တော်ဝတ္ထု၊ သမ္မာကျမ်း

ကို တွင်တွေ့ခဲ့

ကမ္ဘာဦးကျမ်း ၁-၂

"ကိုယ်တော်၏ နှုတ်ကပတ်တော်မှခ်ဝသည် အလင်းကိုပေး၏။." ဆာလံ ၁၁၉း၁၃၀


ပြီးဓါ

ဤသမ္မာကျမ်းဝတ္ထုသည် ကျွန်ုပ်တို့အား အံ့ဖွယ်ကောင်းလှသော ဘုရားသခင်အကြောင်းကို ပြောပြပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့အားဖန်ဆင်းခဲ့ကာ သင်တို့သည် ကိုယ်တော့် ကိုသိရှိရန် လိုလားတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့က မကောင်းမှုပြုခဲ့သည့်အကြောင်းကို သိတော်မူပြီး၊ ယင်းကို ကိုယ်တော်ကအပြစ်ဟုခေါ်သည်။ အပြစ်ဒဏ်မှာ သေခြင်းပင်ဖြစ်၏၊ သို့သော် ဘုရားသခင်သည် သင့်ကိုအလွန်ချစ်၍ကိုယ်တော်၏ တစ်ပါးတည်းသောသားတော်ကို သင်တို့၏အပြစ်များအ တွက်လက်ဝါးကပ်တိုင်၌ အပြစ်ပေး၊ အသေခံစေခဲ့ပါသည်။ ထိုနောက် ယေရှုသည် အသက် တော်ပြန်ရှင်ကာ ကောင်းကင်စံအိမ်တော်သို့ ပြန်တက်တော်မူခဲ့သည်။ သင်သည်ယေရှုကိုယုံ ကြည်၍ ကိုယ်တော့်ထံတော်တွင် အပြစ်လွှတ်ရန် တောင်းပန်ခဲ့လျှင် ကိုယ်တော်သည် အပြစ် လွှတ်ပေးတော်မူလိမ့်မည်။ ကိုယ်တော်သည် ကြွတော်မူလာကာ သင့်အတွင်း၌ ယခုအသက်ရှင် တော်မူလိမ့်မည်၊ ၎င်းနောက် သင်သည် ကိုယ်တော်နှင့် ထာဝရနေထိုင်ရပေမည်။

ဤအရာသည်အမှန်တရားဖြစ်၍
သင်ယုံကြည်မည်ဆိုလျှင် ဘုရားသခင်ကို ဤသို့ဆိုလိုက်ပါ။
ချစ်စွာသောယေရှု၊ ကိုယ်တော်သည်ဘုရားသခင်ဖြစ်တော်မူကြောင်းကို
ကျွန်ုပ်ယုံကြည်ပါ၏၊ လူသားအဖြစ်ကြွရောက်လာကာ ကျွန်ုပ်၏အပြစ်အတွက်
အသေခံတော်မူခဲ့ကာ တဖန် ပြန်ရှင် တော်မူခဲ့ပါ၏။ ကျေးဇူးပြု၍
ကျွန်ုပ်၏ဘဝထဲ ဝင်ရောက်ကာ အပြစ်များကိုလွှတ်တော်မူပါ။ ကိုယ်တော့်ကြောင့်
ကျွန်ုပ်သည် ယခုဘဝသစ်ကို ရနိုင်ပါပြီ၊ တစ်နေ့တွင်ကိုယ်တော်နှင့် ကျွန်ုပ် သည်
ထာဝရအတူရှိပါမည်။ ကိုယ်တော့်ကို နာခံတတ်ရန်၊ ကိုယ်တော့်ကလေးကဲ့သို့
အသက်ရှင် တတ်ရန် မစတော်မူပါ။ အာမင်။

သမ္မာကျမ်းစာကိုဖတ်ကာ ဘုရားသခင်နှင့်
နေ့စဉ်စကားပြောပါ။ ယော ၃း၁၆